ကုမ္ပဏီအမည် - Ta- Arng National Mining Company Limited

လုပ်ငန်း - လက်ဖက်ခြောက် ထုတ်လုပ်ခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာ လက်ခံရရှိခြင်း	၃-၃-၂၀၁၅		
၂	သဘောထားမှတ်ချက် တောင်းခံခြင်း			
	(က) စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန	၁၂-၃-၂၀၁၅	၁၈-၃-၂၀၁၅	
	(ခ) ရှမ်းပြည်နယ်အစိုးရအဖွဲ့	၁၂-၃-၂၀၁၅	၁၈-၃-၂၀၁၅	
	(ဂ) စက်မှုဝန်ကြီးဌာန	၁၂-၃-၂၀၁၅	၃၀-၃-၂၀၁၅	
	(ဃ) ကျန်းမာရေးဝန်ကြီးဌာန	၁၂-၃-၂၀၁၅	၃၁-၃-၂၀၁၅	
	(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၁၂-၃-၂၀၁၅	၁-၄-၂၀၁၅	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး (၁၀/၂၀၁၅) သို့ တင်ပြခြင်း	၉-၃-၂၀၁၅		
၄	အဆိုပြုလွှာလက်ခံကြောင်းစာ ပေးပို့ခြင်း	၁၂-၃-၂၀၁၅		
၅	MIC သို့ တင်ပြရန် ကုမ္ပဏီမှ အဆိုပြုလွှာ (၁၈)စုံ လက်ခံရရှိ	(၂-၄-၂၀၁၅)		
၆	စုစုပေါင်း ကြာမြင့်ရက်	(၃၁) ရက်		

ကုမ္ပဏီအမည် - လက်ဖက်ခြောက် ထုတ်လုပ်ခြင်းလုပ်ငန်း
အဖွဲ့အစည်းပုံသဏ္ဌာန် - မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား - လက်ဖက်ခြောက် ထုတ်လုပ်ခြင်းလုပ်ငန်း
တည်နေရာ - ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်၊ မန်မိုင်ရပ်ကွက်၊ ကွင်းအမှတ်(၇၂)၊ မန်မိုက်ရွာအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၉)၊ မြေကွက်အမှတ် (၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇/၂၈၃)ရှိ မြေဧရိယာ (၁.၃၈)ဧက
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု - ကျပ် ၈၅၈.၀၀ သန်း
လုပ်ငန်းသက်တမ်း - ကနဦး ၃၀ နှစ်
အရင်းကြေကာလ - ၈ နှစ် ၉ လ
IRR - ၁၂.၄၆%

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်းလစာ(တစ်နှစ်)	၁.၆၈	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		၁.၁၆၅
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	၁၉.၁၄	-
၄	ဝင်ငွေခွန်	၁၁၉.၆၇	၄၄၇.၉၄
၅	ကုန်သွယ်လုပ်ငန်းခွန်	-	၄၁၄.၆၀
၆	လျှပ်စစ်မီးသုံးစွဲခ		၂၀.၂၇
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်		ဝင်ငွေခွန်ဥပဒေအတိုင်း ထမ်းဆောင်ပါမည်။
၈	CSR (၁%)		၁၄.၃၉
၉	မြေငှားရမ်းခ		၁.၅၀
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်းဝန်ထမ်း ၄၇ ဦး အလုပ်အကိုင် ရရှိမည်ဖြစ်ပါသည်။
၁၁	စုစုပေါင်း	၁၄၀.၀၀	၉၀၀.၈၆
၁၂	Cost : Benefit	၁ : ၆	

အကြောင်းအရာ။ Ta- Arng National Mining Company Limited မှ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် လက်ဖက်ခြောက် ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/	- Ta- Arng National Mining Company Limited
	ကမကထပြုသူ	- ဦးထွန်းကျော် (အဘ-ဦးအိုက်စင်) (မန်နေဂျင်းဒါရိုက်တာ)
	အဖွဲ့အစည်းပုံသဏ္ဌာန်	- ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
	လုပ်ငန်းအမျိုးအစား	- လက်ဖက်ခြောက် ထုတ်လုပ်ခြင်း လုပ်ငန်း
၂။	တည်နေရာ	- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်၊ မန်မိုင်ရပ်ကွက်၊ ကွင်းအမှတ်(၇၂)၊ မန်မိုက်ရွာအရှေ့ကွင်း ဦးပိုင်အမှတ် (၉)၊ မြေကွက် အမှတ် (၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇/၂၈၃)
	မြေပိုင်ရှင်	- ဦးထွန်းကျော်
	မြေအကျယ်အဝန်း	- မြေဧရိယာ (၁.၃၈)ဧက (၅၅၈၄.၆၇ စတုရန်းမီတာ)
၃။	မြေနှင့်အဆောက်အဦ ငှားရမ်းခနှုန်း	- တစ်နှစ်ငှားရမ်းခ ကျပ် ၃၀၀,၀၀၀
	မြေနှင့်အဆောက်အဦ ငှားရမ်းကာလ	- ကနဦး (၃၀)နှစ် နှင့် သက်တမ်းတိုး (၅)နှစ် (၂)ကြိမ်
	လုပ်ငန်းသက်တမ်း	- ကနဦး ၃၀ နှစ်
၄။	တည်ဆောက်ရေးကာလ	- ၆ လ
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- **ကျပ် ၈၅၈.၀၀ သန်း (အမေရိကန်ဒေါ်လာ ၀.၁၉ သန်း အပါအဝင်)**
	- ငွေသား	- ကျပ် ၅၁၆.၆၀ သန်း
	- အဆောက်အဦပြုပြင်ဆင် စရိတ်	- ကျပ် ၁၀၀.၀၀ သန်း
	- စက်ပစ္စည်းများ	- ကျပ် ၂၄၁.၄၀ သန်း(အမေရိကန်ဒေါ်လာ ၀.၁၉ သန်း အပါအဝင်)

၆။	ပြည်ပမှ အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် တင်သွင်းလိုသည့် စက်ပစ္စည်းများ	- ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်းများကို တင်ပြထားပါသည်။
၇။	ဝန်ထမ်းအင်အား	- ၄၇ ဦး
	ပြည်တွင်း	
	- အမြဲတမ်းဝန်ထမ်း	- ၇ ဦး
	- လက်ဖက်ရာသီချိန် ဝန်ထမ်း	- ၄၀ ဦး (မှတ်ချက်။ လက်ဖက်ရာသီချိန်မှာ ၁ နှစ်ကို ၄ ချိန်ဖြစ်သောကြောင့် ၁ ချိန်တွင် ၂ လ ဟု သတ်မှတ်ပြီး လုပ်အားခအား တစ်နှစ်လျှင် ၈ လဖြင့် တွက်ချက်ထားပါကြောင်း တင်ပြထားပါသည်။) (ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၉၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၃၀၀,၀၀၀ ဖြစ်ပါသည်။)
၈။	ရောင်းချမည့်စနစ်	- ပြည်တွင်း ၁၀၀%
၉။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမမြောက်နှစ်)	- ကျပ် ၂,၂၀၀.၀၀ သန်း
	အသုံးစရိတ်	- ကျပ် ၂,၀၀၈.၀၃ သန်း
	အသားတင်အမြတ်	- ကျပ် ၁၉၁.၉၇ သန်း
၁၀။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ် (ဆဋ္ဌမမြောက်နှစ်)	
	ဝင်ငွေခွန်	- ကျပ် ၆၃.၉၉ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- ကျပ် ၁၁၀.၀၀ သန်း
	အရင်းကြေကာလ	- ၈ နှစ် ၉ လ
	အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၁၂.၄၆ %

၁၁။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- ၃၀၀၀၀ ကီလိုဝပ်
၁၂။	နှစ်စဉ်ထုတ်လုပ်မှု(ဆဋ္ဌမမြောက်နှစ်)	**ပစ္စည်းအမျိုးအစား** / **ရေတွက်ပုံ** / **ထုတ်လုပ်မှုအရေအတွက်** / **ရောင်းဈေးနှုန်း (ပိသာ /ကျပ်)** အချိုခြောက် / ပိဿာ / ၄၀၀,၀၀၀ / ၅,၅၀၀
၁၃။	**စိစစ်တင်ပြချက်**	- အဆိုပြု လုပ်ငန်းအတွက် တင်သွင်းမည့် စက်ပစ္စည်းများအနက် US$(၁၀၆,၄၀၀)သန်း တန်ဖိုးရှိ CTC လက်ဖက်အချိုခြောက် ထုတ်လုပ်သောစက်ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ အထူးအမိန့် (S.O)ဖြင့် စက်အပိုပစ္စည်းများကို ထုတ်ယူခွင့်ပြုခဲ့၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထုတ်ယူခဲ့ပြီး ဖြစ်ပါသည်။ အခွန်အကောက်ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် ကော်မရှင်သို့ တင်ပြလာသဖြင့် အဆိုပြုလွှာတွင် ပါဝင်သော စက်ပစ္စည်းများဖြစ်၍ အခွန်အကောက် ကင်းလွတ်ခွင့်ပြုနိုင်ပါရန် ၂၀၁၅ ခုနှစ် မတ်လ ၂၀ ရက်စွဲပါ စာဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၂/မ-၂၁၀/၂၀၁၅(၂၅၈)
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဧပြီလ ၂ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **Ta- Arng National Mining Company Limited မှ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လက်ဖက်ခြောက် ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ Ta-Arng National Mining Company Limited မှ ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၊ မန်မိုင်ရပ်ကွက်၊ ကွင်းအမှတ်(၇၂)၊ မန်မိုက်ရွာ အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၉)၊ မြေကွက်အမှတ် (၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇/၂၈၃)ရှိ မြေဧရိယာ (၁.၃၈)ဧကနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦကို ငှားရမ်း၍ လက်ဖက်ခြောက် ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးထွန်းကျော် (အဘ-ဦးအိုက်စင်) မှ အဆိုပြုချက် တင်ပြလာခြင်း ဖြစ်ပါသည်။ အဆိုပါ အဆိုပြုလွှာကို ၂၀၁၅ ခုနှစ် မတ်လ ၉ ရက်နေ့တွင် ကျင်းပသော အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၁၀/၂၀၁၅ အစည်းအဝေးသို့ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန် အတွက် မြေနှင့် အဆောက်အဦ ငှားရမ်းသက်တမ်း ကာလမှာ ကနဦး (၃၀)နှစ် နှင့် သက်တမ်းတိုး (၅)နှစ် (၂)ကြိမ်ဖြင့် စုစုပေါင်း (၄၀)နှစ်ထိ ဖြစ်ပြီး၊ တစ်နှစ်လျှင် မြေနှင့်အဆောက်ဦ ငှားရမ်းခနှုန်း ကျပ် ၃၀၀,၀၀၀ ဖြင့် ပေးချေမည် ဖြစ်ကြောင်း တင်ပြထားပါသည်။ မြေနှင့်အဆောက်အဦ ငှားရမ်းခကို ၅ နှစ် တစ်ကြိမ် သုံးသပ်ရန် နှင့် နှစ်စဉ် ငှားရမ်းခနှုန်း၏ ၁၀% ထက် မပိုစေရန် ညှိနှိုင်းထားကြောင်း တင်ပြထား ပါသည်။

၃။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ US$ ၀.၁၉ သန်း အပါအဝင် စုစုပေါင်း ကျပ် (၈၅၈.၀၀)သန်း ဖြစ်ပါသည်။ လုပ်ငန်းအတွက်လိုအပ်သော စက်ပစ္စည်းများ US$ ၀.၁၉ သန်းဖိုးကို ပြည်ပမှ ဝယ်ယူမည်ဖြစ်ကြောင်း တင်ပြထားပါသည်-

(က)	ငွေသား	ကျပ်	၅၁၆.၆၀ သန်း	
(ခ)	အဆောက်အဦပြင်ဆင်စရိတ်	ကျပ်	၁၀၀.၀၀ သန်း	
(ဂ)	စက်ပစ္စည်းများ	ကျပ်	၂၄၁.၄၀ သန်း	(US$ ၀.၁၉ သန်း အပါအဝင်)
	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	**ကျပ်**	**၈၅၈.၀၀ သန်း**	**(US$ ၀.၁၉ သန်း အပါအဝင်)**

၄။ လုပ်ငန်း ဆောင်ရွက်ရန် ပြည်တွင်းမှ လုပ်သား (၄၇)ဦး ခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်း ဝန်ထမ်း(၁)ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် (၉၀,၀၀၀) ဖြစ်ပြီး အမြင့်ဆုံး လစာမှာ ကျပ် ၃၀၀,၀၀၀ ဖြစ်ပါ သည်။

(မှတ်ချက်။ လက်ဖက်ရာသီချိန်မှာ ၁ နှစ်ကို ၄ ချိန်ဖြစ်သောကြောင့် ၁ ချိန်တွင် ၂ လ ဟု သတ်မှတ်ပြီး လုပ်အားခအား တစ်နှစ်လျှင် ၈ လဖြင့် တွက်ချက်ထားပါကြောင်း တင်ပြထား ပါသည်။)

၅။ အဆိုပြုလုပ်ငန်းမှ လက်ဖက်ခြောက်များကို ပြည်တွင်း ၁၀၀% ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်) တွင် ထုတ်လုပ်မှု နှင့် ရောင်းဈေးနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပစ္စည်းအမျိုးအစား	**ရေတွက်ပုံ**	**ထုတ်လုပ်မှု အရေအတွက်**	**ရောင်းဈေးနှုန်း (ပိဿာ /ကျပ်)**
အချိုခြောက်	ပိဿာ	၄၀၀,၀၀၀	၅,၅၀၀

၆။ လုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ဆဋ္ဌမမြောက်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝင်ငွေ - ကျပ် ၂,၂၀၀.၀၀ သန်း

(ခ) အသုံးစရိတ် - ကျပ် ၂,၀၀၈.၀၃ သန်း

(ဂ) အသားတင်အမြတ် - ကျပ် ၁၉၁.၉၇ သန်း

၇။ နိုင်ငံတော်မှ ဆဋ္ဌမမြောက်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(က) ကုန်သွယ်လုပ်ငန်းခွန် (၅%) ကျပ် ၁၁၀.၀၀ သန်း

(ခ) ဝင်ငွေခွန် (၂၅%) ကျပ် ၆၃.၉၉ သန်း

၈။ လုပ်ငန်း ၏ အရင်းကြေကာလမှာ ၈ နှစ် နှင့် ၉ လ ဖြစ်ပြီး အရင်းအနီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ ၁၂.၄၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

၉။ ယင်းအဆိုပြုလုပ်ငန်း နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သဘောထားများ တောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည်-

(က) **ရှမ်းပြည်နယ်အစိုးရအဖွဲ့** မှ ရင်းနှီးမြှုပ်နှံမှု မြေနေရာသည် နောင်ပြုလုပ်မည့် သို့မဟုတ် လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါကြောင်း၊ မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်ပါကြောင်း၊ မြေနေရာအား အဆိုပြုလုပ်ငန်း သုံးစွဲခြင်း အပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု တို့အရ လက်ခံနိုင်ခြင်း ရှိပါကြောင်း၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည် ဆိုပါက ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားလာပါသည်။

(နောက်ဆက်တွဲ - က)

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန** မှ တစ်ဖက်ပါ အတိုင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်-

(၁) ကုန်ကြမ်းအဖြစ် အသုံးပြုမည့် လက်ဖက်ရွက်စိမ်းများအား စနစ်တကျ သန့်ရှင်းစွာ သိုလှောင်ထားရှိရန်နှင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများအတွက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊

(၂) လုပ်ငန်း လည်ပတ်စဉ် ကာလအတွင်း အသုံးပြုမည့် ကျောက်မီးသွေးမှ ထွက်ရှိလာမည့် အခိုးအငွေ့နှင့် စွန့်ပစ်ပြာများအတွက် အခိုးအငွေ့စီမံခန့်ခွဲမှု အစီအစဉ်နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အစီအမံများ၊ ကျောက်မီးသွေးပြာများအား ပြန်လည် သုံးစွဲမည့်စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊

(၃) အမှုန်အမွှား ထိန်းချုပ်စနစ် ထည့်သွင်းဆောင်ရွက်ရန် နှင့် လုပ်သားများ လုပ်ငန်းခွင် လုံခြုံစိတ်ချမှု ရှိစေရေးလုပ်ငန်းခွင် လုံခြုံရေးပစ္စည်းများ တပ်ဆင်အသုံးပြုရန်၊

(၄) ကုန်ကြမ်းပစ္စည်းများအား အပူပေးရာမှ ထွက်ရှိလာမည့် အနံ့အသက်များနှင့် အခိုးအငွေ့များအား ထိန်းချုပ်ရန်အတွက် စက်ရုံအတွင်းနှင့်အပြင် အခိုးအငွေ့ အနံ့အသက် ထိန်းချုပ်မည့် အစီအမံများ ထည့်သွင်းရေးဆွဲဆောင်ရွက်ရန်၊

(၅) ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် စောင့်ကြပ်ကြည့်ရှု စစ်ဆေးသည့်စနစ်၊ စွန့်ပစ်အရည်/ ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်၊ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများ၊ ပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သော ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan- EMP) ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ **(နောက်ဆက်တွဲ- ခ)**

(ဂ) **ကျန်းမာရေးဝန်ကြီးဌာနမှ** စိစစ်ချက်အရ ခွင့်ပြုသင့်ကြောင်း သဘောထားမှတ်ချက် ပြန်ကြားလာပါသည်။ **(နောက်ဆက်တွဲ- ဂ)**

(ဃ) **စက်မှုဝန်ကြီးဌာနမှ** လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် နှင့် ပုဂ္ဂလိကစက်မှု လုပ်ငန်း ဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဈေးနှုန်းတင်ပြထားမှုအား ထုတ်ကုန်ပစ္စည်း၏ Quality ပေါ်တွင်သာ မူတည်ပါသဖြင့် စိစစ်နိုင်ခြင်း မရှိပါကြောင်း၊ တပ်ဆင်ပြီး စက်များနှင့် တပ်ဆင်ရန်ကျန်ရှိသော စက်ပစ္စည်း စာရင်းတွင် စက်စွမ်းအား ဖော်ပြထားခြင်း မရှိသဖြင့် ထုတ်လုပ်မှုနှင့် စက်အင်အား/ လူအင်အား ညီညွတ်မှု ရှိ-မရှိ စိစစ်နိုင်ခြင်း မရှိပါကြောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ အမျိုးသားအစားအသောက် ဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားလာပါသည်။

(နောက်ဆက်တွဲ-ဃ)

[စက်မှုဝန်ကြီးဌာန ၏ သဘောထားမှတ်ချက်နှင့်အညီ ကုမ္ပဏီမှ ဆောင်ရွက်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။]

၁၀။ ငွေကြေးအထောက်အထားအဖြစ် ကုမ္ပဏီအမည်ဖြင့် MICB ဘဏ်ရှိ (၉-၁-၂၀၁၅)နေ့ ငွေလက်ကျန် US$ ၁၃၄ တင်ပြထားပါသည်။

၁၁။ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အလုပ်သမားများ၏ လစာဝင်ငွေ တစ်နှစ်လျှင် ကျပ် ၂၀၀၀၀၀၀/- ကျော်ပါက ဝင်ငွေခွန်ကို တည်ဆဲဥပဒေအရ ဖြတ်တောက်၍ အခွန်ဌာနသို့ ပေးသွင်းမည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိပါက ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင် ထားရှိမည် ဖြစ်ကြောင်း၊ လုပ်ငန်းခွင် သာယာရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေး အစီအစဉ်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ မီးဘေးအန္တရာယ် မဖြစ်ပွားစေရန် နှင့် မီးဘေးကြိုတင် ကာကွယ်ရေး အစီအစဉ်များ၊ လက်ဖက်ထုတ်လုပ်မှုအဆင့်ဆင့်၊ လက်ဖက်ခြောက်များကို ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၂။ လျှပ်စစ်ဓာတ်အားကို ၃၀၀၀၀ ကီလိုဝပ် အသုံးပြုမည်ဖြစ်ပါကြောင်း တင်ပြထားပါသည်။

၁၃။ **စိစစ်တင်ပြချက်**

- အဆိုပြုလုပ်ငန်းအတွက် တင်သွင်းမည့် စက်ပစ္စည်းများအနက် US$(၁၀၆,၄၀၀)သန်းတန်ဖိုးရှိ CTC လက်ဖက် အချိုခြောက် ထုတ်လုပ်သောစက်ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ အထူးအမိန့် (S.O)ဖြင့် စက်အပိုပစ္စည်းများကို ထုတ်ယူခွင့်ပြုခဲ့၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ထုတ်ယူခဲ့ပြီး ဖြစ်ပါသည်။ အခွန်အကောက်ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် ကော်မရှင်သို့ တင်ပြလာသဖြင့် အဆိုပြုလွှာတွင်ပါဝင်သော စက်ပစ္စည်းများဖြစ်၍ အခွန်အကောက် ကင်းလွတ်ခွင့်ပြုနိုင်ပါရန် ၂၀၁၅ ခုနှစ် မတ်လ ၂၁ ရက်စွဲပါစာဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၁၄။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၁၁)၊ ပုဒ်မ ၂၀ ပါ (က၊ ဂ၊ စ၊ ဆ၊ ဇ၊ ည) အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို တင်ပြလျှောက်ထားလျှင် ခွင့်ပြုနိုင်မည်ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၅။ Ta- Arng National Mining Company Limited မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လက်ဖက်ခြောက် ထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်းအပေါ် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(ချိုချိုဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူ

ရုံးလက်ခံ

နောက်ဆက်တွဲ(က)

MIC | 46/18/3

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ရှမ်းပြည်နယ်

ရှမ်းတံဆိပ်

စာအမှတ်၊(၃၄၅၄)/ ၇ - ၂၁၆ / အစရ(ရှမ်း)
ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပေးပို့ခြင်း**
ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂ - ၃ - ၂၀၁၅) ရက်စွဲပါစာအမှတ်၊ ရက- ၂ / မ-၂၁၀/၂၀၁၅(၂၀၅)

၁။ Ta-Arng National Mining Co;Ltd မှ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်၊ မန်မိုင်ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည်(၇၂/မန်မိုက်ရွာအရှေ့ကွင်း)၊ ဦးပိုင်အမှတ်(၉)၊ မြေကွက်အမှတ်(၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇/၂၈၃)၊ ဧရိယာ(၁.၃၈)ဧကနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦတို့ကို ငှားရမ်း၍ လက်ဖက်ခြောက်ထုတ်လုပ်ခြင်းလုပ်ငန်းကိုမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းအပေါ် အောက်ပါအချက်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်အား ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုမည့် မြေနေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်း ရှိ/မရှိ။
(ခ) မြို့နယ် ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်/မဖြစ်။
(ဂ) ဖော်ပြပါမြေနေရာအား အဆိုပြု လုပ်ငန်းသုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရလက်ခံနိုင်ခြင်းရှိ/မရှိ။
(ဃ) လုပ်ငန်းဆောင်ရွက်နိုင်မည့် မြေနေရာ ဟုတ်/မဟုတ်။

၂။ Ta-Arng National Mining Co;Ltdမှ လက်ဖက်ခြောက်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားမှုနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုမြေနေရာသည် နောင်ပြုလုပ်မည့် သို့မဟုတ် လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါကြောင်း ၊ မြို့နယ် ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်ပါကြောင်း၊ ဖော်ပြပါမြေနေရာ အား အဆိုပြုလုပ်ငန်းသုံးစွဲခြင်းအပေါ်ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်

နိုင်မည့်မြေနေရာဖြစ်ပါသဖြင့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဆိုပါကရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားပေးပို့အပ်ပါသည်။

၁၇၊၁၂၊၂၀၁၁

ပြည်နယ်ဝန်ကြီးချုပ်
(စဝ်အောင်မြတ်)

မိတ္တူကို
ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ နမ့်ဆန်မြို့
ရှမ်းပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ဦးစီးဌာန၊ လားရှိုးမြို့
ရုံးလက်ခံ
မျှောစာတွဲ

နောက်ဆက်တွဲ(ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် ၂/၂၂၀(ခ)(၆)/(၂၄၂၀ /၂၀၁၅)
ရက်စွဲ ၂၀၁၅ခုနှစ်၊မတ်လ **၃၀** ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၂-၃-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက-၂/မ-၂၁၀/၂၀၁၅(၂၀၆)

၁။ အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ Ta-Arng National Mining Company Limited မှ ရှမ်းပြည်နယ်မြောက်ပိုင်း ၊ ကျောက်မဲခရိုင် ၊ နမ့်ဆန်မြို့နယ် ၊ မန်မိုင်ရပ်ကွက်၊ ကွင်းအမှတ်(၇၂)၊ မန်မိုက်ရွာ အရှေ့ကွင်း ဦးပိုင်အမှတ်(၉)၊ မြေကွက်အမှတ် (၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆ ၊ ၁၃၄ ၊ ၁၃၅ ၊ ၁၃၆ ၊ ၁၃၇ / ၂၈၃) ရှိ မြေဧရိယာ (၁.၃၈)ဧက နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦတို့ကို ငှားရမ်း၍ လက်ဖက်ခြောက် ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး ဌာနဆိုင်ရာ သဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။ ပူးတွဲပေးပို့လာသည့် အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်၊ ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ်(၃၀)ရင်းနှီးလုပ်ဆောင်မည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့်ပတ်သက်၍ တွက်ချက်ထားမှုများ ၊ လုပ်ငန်းခွင်သာယာရေး နှင့် သက်သာချောင်ချိရေးစီမံချက် ၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်၊ CSRလုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ၊ ထုတ်လုပ်မှုနည်းစဉ်များ ၊ ကုန်ကြမ်းပစ္စည်းများအနေဖြင့် လက်ဖက်ရွက်စိမ်း ပိသာ (၁,၈၀၀,၀၀၀) နှင့် အထောက်အကူ ကုန်ကြမ်းအနေဖြင့် ကျောက်မီးသွေး တန်(၁၈၀) နှစ်စဉ် သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ကုန်ချောထွက်ကုန်အနေဖြင့် အချိုခြောက် (၂၉၀,၀၀၀) မှ (၄၀၀,၀၀၀) ပိဿာ နှစ်အလိုက် တိုးမြှင့်ထွက်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသော်လည်း ကုန်ချောထုတ်ပိုးမှု နည်းစဉ်ကို ဖော်ပြထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ အဆိုပြု လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကြမ်းအဖြစ် အသုံးပြုမည့် လက်ဖက်ရွက်စိမ်းများအား စနစ်တကျသန့်ရှင်းစွာ သိုလှောင်ထားရှိမှုမရှိပါက မှိုများ၊ ဘက်တီးရီးယားများနှင့် ပိုးမွှားများ ဝင်ရောက်နိုင်သဖြင့် စားသုံးသူတို့၏ ကျန်းမာရေးအား ထိခိုက်စေနိုင်ခြင်း၊ လက်ဖက်ရွက်များအား အပူပေးရာတွင် ကျောက်မီးသွေး အသုံးပြုမည် ဖြစ်သဖြင့် ထွက်ရှိလာမည့် အခိုးအငွေ့များအား စနစ်တကျ သန့်စင်မှုမရှိပါက လေထုညစ်ညမ်းမှုရှိနိုင်ခြင်း၊ ထွက်ရှိလာမည့် ပြာမှုန့်များအား စနစ်တကျ စွန့်ပစ်မှုမရှိပါက ပတ်ဝန်းကျင် ညစ်ညမ်းမှု ဖြစ်စေနိုင်ကြောင်း

ကုန်ကြမ်းပစ္စည်းများကို အပူပေးရာမှထွက်ရှိလာမည့် အနံ့အသက်များအား ထိန်းချုပ်မှုမရှိပါက လေထုညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း၊ အသုံးပြုမည့် လက်ဖက်ရွက်များနှင့် ထုတ်ပိုးပစ္စည်းများမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများအားစနစ်တကျ စီမံခန့်ခွဲမှုမရှိပါက ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေ နိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ Ta-Arng National Mining Company Limited မှ ရှမ်းပြည်နယ် မြောက်ပိုင်း ၊ ကျောက်မဲခရိုင် ၊ နမ့်ဆန်မြို့နယ် ၊ မန်မိုင်ရပ်ကွက်၊ ကွင်းအမှတ်(၇၂)၊ မန်မိုက်ရွာ အရှေ့ကွင်း ဦးပိုင်အမှတ်(၉)၊ မြေကွက်အမှတ် (၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆ ၊ ၁၃၄ ၊ ၁၃၅ ၊ ၁၃၆ ၊ ၁၃၇ / ၂၈၃) ရှိ မြေဧရိယာ (၁.၃၈)ဧက နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦတို့ကို ငှားရမ်း၍ လက်ဖက်ခြောက် ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုရန် အဆိုပြု တင်ပြလာခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) ကုန်ကြမ်းအဖြစ်အသုံးပြုမည့် လက်ဖက်ရွက်စိမ်းများအား စနစ်တကျသန့်ရှင်းစွာ သိုလှောင် ထားရှိရန် နှင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများအတွက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းလည်ပတ်စဉ် ကာလအတွင်း အသုံးပြုမည့် ကျောက်မီးသွေးမှ ထွက်ရှိလာမည့် အခိုးအငွေ့နှင့် စွန့်ပစ်ပြာများအတွက် အခိုးအငွေ့စီမံခန့်ခွဲမှုအစီအစဉ်နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အစီအမံများ၊ ကျောက်မီးသွေးပြာများအား ပြန်လည်သုံးစွဲမည့်စီမံချက်များ ရေးဆွဲ ဆောင်ရွက်ရန်၊

(ဂ) အမှုန်အမွှား ထိန်းချုပ်စနစ် ထည့်သွင်းဆောင်ရွက်ရန် နှင့် လုပ်သားများ လုပ်ငန်းခွင် လုံခြုံစိတ်ချမှု ရှိစေရေးလုပ်ငန်းခွင် လုံခြုံရေးပစ္စည်းများ တပ်ဆင်အသုံးပြုရန်၊

(ဃ) ကုန်ကြမ်းပစ္စည်းများအား အပူပေးရာမှ ထွက်ရှိလာမည့် အနံ့အသက်များ နှင့် အခိုးအငွေ့များအား ထိန်းချုပ်ရန်အတွက် စက်ရုံးအတွင်းနှင့်အပြင် အခိုးအငွေ့ အနံ့အသက် ထိန်းချုပ်မည့် အစီအမံများထည့်သွင်းရေးဆွဲဆောင်ရွက်ရန်၊

(င) ပတ်ဝန်းကျင်ထိခိုက်မှု နှင့် လူမှုရေး ထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးအတွက် စောင့်ကြပ်ကြည့်ရှု စစ်ဆေးသည့်စနစ်၊ စွန့်ပစ်အရည် / ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်၊ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများ၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါး ရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ ပါဝင်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environ mental Management Plan- EMP) ရေးဆွဲ တင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(ဆ) သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများ ရယူဆောင်ရွက်ရန်။

၁၀/၃

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မျိုးညွှန့် ၊ ရုံး အ ဖွဲ့ မှူး)

မိတ္တူ -ညွှန်ကြားရေးမှူးချုပ် ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
-ညွှန်ကြားရေးမှူးချုပ် ၊ သစ်တောဦးစီးဌာန

TC 1 61
30/3

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၁၃မခ(က)၂၀၁၅/ ၆၂၀၅

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မတ်လ(၂၀)ရက်

ကျန်းမာရေးဝန်ကြီးဌာန စာအမှတ် ၂၀ ရက်စွဲ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက် ညှိနှိုင်းပြန်ကြားခြင်း။**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂-၃-၂၀၁၅)ရက်စွဲပါစာအမှတ်၊ ရကာ-၂/ မ-၂၁၀/၂၀၁၅(၂၀၈)။

263
30-3-15

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ Ta- Arng National Mining Company Limited သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်၊ မန်မိုင်ရပ်ကွက်၊ ကွင်းအမှတ်(၇၂)၊ မန်မိုက်ရွာအရှေ့ကွင်း ဦးပိုင်အမှတ်(၉)၊ မြေကွက်အမှတ်(၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇/၂၈၃)ရှိ မြေဧရိယာ(၁.၃၈)ဧကနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦတို့ကို ငှားရမ်း၍ လက်ဖက်ခြောက် ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခဲ့ပါသဖြင့် အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်အား ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် ညှိနှိုင်းအကြောင်းကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ စိစစ်ချက်အရ ခွင့်ပြုသင့်ကြောင်း သဘောထားမှတ်ချက် ညှိနှိုင်းပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(စိန်ဝင်း၊ ရုံးအဖွဲ့မှူး)

မိတ္တူကို -

- ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

နောက်ဆက်တွဲ(ဃ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

FC 158 / 3013

စာအမှတ်၊ ၂၁-စမ (၂)၂၀၁၄-၂၀၁၅(၅၅၇၁)

ရက် စွဲ၊ ၂၀၁၅ ခုနှစ်၊ မတ် လ ၂၆ ရက်

သို့

✓ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး**

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၂.၃.၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက-၂/ မ-၂၁၀/ ၂၀၁၅ (၂၀၇)

၁။ Ta- Arng National Mining Co.,Ltd. သည် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်၊ မန်မိုင်ရပ်ကွက်၊ ကွင်းအမှတ်(၇၂)၊ မန်မိုက်ရွာအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၉)၊ မြေကွက်အမှတ်(၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၃၄၊ ၁၃၅၊ ၁၃၆၊၁၃၇/၂၈၃)တွင် လက်ဖက်ခြောက်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် လက်ဖက်ခြောက်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန်လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) ကုန်ကြမ်းသုံးစွဲမှုနှင့် ကုန်ချောထွက်ရှိမှုနှုန်း ညီညွတ်မှု ရှိပါသည်။

(စ) ဈေးနှုန်းတင်ပြထားမှုအား ထုတ်ကုန်ပစ္စည်း၏ Quality ပေါ်တွင်သာ မူတည်ပါသဖြင့် စိစစ်နိုင်ခြင်းမရှိပါ။

(ဆ) တပ်ဆင်ပြီးစက်များနှင့် တပ်ဆင်ရန်ကျန်ရှိသော စက်ပစ္စည်းစာရင်းတွင် စက်စွမ်းအား ဖော်ပြထားခြင်းမရှိသဖြင့် ထုတ်လုပ်မှုနှင့်စက်အင်အား/လူအင်အား ညီညွတ်မှု ရှိ- မရှိ စိစစ်နိုင်ခြင်းမရှိပါ။

၃။ သို့ပါ၍ Ta- Arng National Mining Co.,Ltd. မှ လက်ဖက်ခြောက်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် အထက်ပါလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေနှင့်တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၂၆.၃.၁၅

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမိုး၊ ရုံးအဖွဲ့မှူး)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း